Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## စွယ်စုံသုံးအစားအစာပြင်သည့်စက် (နေအိမ်တွင်အသုံးပြုရန်အတွက်သာ)

# MK-5086M/MK-5076M

## မာတိကာများ


ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုများ ........................... ၂
အစိတ်အပိုင်းများကို ဖော်ပြခြင်း ........................... ၄
ပါဝင်ပစ္စည်းများအတွက်ကြိုတင်ပြင်ဆင်မှုများ ........... ၅
အသုံးပြုပုံနည်းလမ်းများ ........................................ ၇
ဖြုတ်နည်းလမ်းညွှန်များ ........................ ၁၃
အသုံးပြုပြီးနောက် ........................................ ၁၄
မိုက်ကရိုခလုတ်အကာအကွယ်အကြောင်း ................. ၁၅
ဆားကစ်ဘရိတ်ကာ ကာကွယ်မှုအကြောင်း ............... ၁၅
အသေးစိတ်အချက်အလက်များ ................................ ၁၆




ပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးမှုအတွက်ကျေးဇူးတင်ရှိပါသည်။

- ဤထုတ်ကုန်အားမှန်ကန်၍လုံခြုံစွာအသုံးပြုနိုင်ရန်ဤအသုံးပြုပုံလမ်းညွှန်ချက်များကိုကျေးဇူးပြု၍ဖတ်ပါ။
- ဤထုတ်ကုန်အားအသုံးမပြုမီဘေးကင်းလုံခြုံမှုဆိုင်ရာသတိပေးချက်များကိုကျေးဇူးပြု၍အထူးဂရုပြုဖတ်ရှုပါ။
- အသုံးပြုပုံလမ်းညွှန်ချက်များကိုနောင်တွင်အသုံးပြုနိုင်ရန်ကျေးဇူးပြု၍သိမ်းဆည်းထားပါ။
- ဤလမ်းညွှန်ချက်များကိုလိုက်နာရန်ပျက်ကွက်လျှင်(သို့)စွယ်စုံသုံးအစားအစာပြင်သည့်စက်အားမှားယွင်းစွာ အသုံးပြုပါကပန်နာဆိုးနစ်မှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

# ဘေးကင်းလုံခြုံမှုအတွက်ကြိုတင်သတိပေးချက်များ

ဤသတိပေးချက်များအတိုင်းလိုက်နာပါ။




၁. ပလပ်ပေါက်မထိုးမီ မီးခလုတ်ကိုသေချာပိတ်ထားပါ။(ထိခိုက်ဒဏ်ရာဖြစ်စေနိုင်သည်။)

၂. ပါဝါကြိုး(သို့)ပလပ်ပျက်စီးမှုဖြစ်ပါကမည်သည့်အရာမှလုံးဝမပြုလုပ်ပါနှင့်။(မီးလောင်မှု(သို့)လျှပ်စီးပြတ်တောက်မှု၊လျှပ်စစ်ဓာတ်လိုက်ခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။

၃. ရေစိုနေသောလက်ဖြင့်ပလပ်ကိုဖြုတ်ခြင်း(သို့)တပ်ခြင်းလုံးဝမပြုလုပ်ပါနှင့်။ပလပ်ပေါက်ထဲသို့ပလပ်အားအမြဲမှန်ကန်စွာတပ်ထားပါ။(ထိုသို့မလုပ်ပါကလျှပ်စစ်ဓာတ်လိုက်ခြင်းဖြစ်စေနိုင်ပါသည်။)

၄. အသုံးမပြုပါကပလပ်ကိုအမြဲဖြုတ်ထားပါ။ပလပ်ဖြုတ်သောအခါခလုတ်ပိတ်၍ပါဝါကြိုးမဟုတ်သောပလပ်ကိုကိုင်၍ဖြုတ်ပါ။
(ထိုသို့မလုပ်ပါကလျှပ်စစ်ဓာတ်လိုက်ခြင်း၊ထိခိုက်ဒဏ်ရာရရှိခြင်း(သို့)လျှပ်ကာအားနည်းခြင်းကြောင့်ဖြစ်ပေါ်သောမီးလောင်မှုတို့ကိုဖြစ်စေနိုင်သည်။)

၅. ပလပ်အားပုံမှန်သန့်ရှင်းပေးပါ။
(ထိုသို့မလုပ်ပါကလျှပ်ကာအားနည်းဖြင်းမှုဖြစ်သောမီးလောင်မှုကိုဖြစ်စေနိုင်သည်။)

၆. ဓားသွားတွင်ချွန်ထက်သောအနားစွန်းရှိသည်။၎င်းတို့ကိုကိုင်တွယ်သည့်အခါ၎င်း၏လက်ကိုင်မှကိုင်ပါ။၎င်းကိုကလေးငယ်များ၏အဝေးတွင်ထားပါ။
(ထိခိုက်ဒဏ်ရာဖြစ်နိုင်သည်(သို့)လက်ကိုဖြတ်မိစေနိုင်သည်။)

၇. စွယ်စုံသုံးအစားအစာပြင်သည့်စက်ကိုပိုလွန်သောအစားအစာများထည့်၍အသုံးမပြုရပါ။(စက်အားထိခိုက်ပျက်စီးမှုကိုဖြစ်စေနိုင်သည်။)

၈. စွယ်စုံသုံးအစားအစာပြင်သည့်စက်ကိုသတ်မှတ်ထားသောအချိန်တစ်ခုထက်ပို၍အသုံးမပြုပါနှင့်။အသုံးပြုပြီး ၂မိနစ်အကြာတွင်စက်အားအနည်းဆုံး(၄မိနစ်)ခန့်အနားပေးပါ။(ထိုသို့မလုပ်ပါကစက်အားထိခိုက်ပျက်စီးစေနိုင်သည်။)

၉. စက်အားရေထဲသို့နှစ်ခြင်း(သို့)စက်၏အပေါ်သို့ရေဖျန်းခြင်းတို့ကိုမပြုလုပ်ပါနှင့်။(လျှပ်စစ်ဓာတ်လိုက်ခြင်းဖြစ်စေနိုင်သည်။)

၁၀. စွယ်စုံသုံးအစားအစာပြင်သည့်စက်ကိုလွန်ကဲသောစိုစွတ်မှု၊အပူချိန်(သို့)နေရောင်ခြည်တိုက်ရိုက်ထိတွေ့ခြင်းတို့မဖြစ်ပါစေနှင့်။(မှိုဖြစ်ပေါ်ခြင်းကြောင့်စက်ကိုထိခိုက်ပျက်စီးစေနိုင်သည်။

၁၁. မာကျောသောအစားအစာများ(သို့)ကပ်စေးသောအစားအစာများကိုဤစက်ဖြင့်မကြိတ်ပါနှင့်။(စက်ကိုထိခိုက်ပျက်စီးစေနိုင်သည်။)

၁၂. မော်တာလည်ပတ်နေစဉ်အတွင်းသစ်သီးညှစ်ကိရိယာကိုဖယ်ထုတ်ခြင်း(သို့)အဖုံးကိုဖွင့်ခြင်းလုံးဝမပြုလုပ်ပါနှင့်။(ထိခိုက်ဒဏ်ရာဖြစ်စေနိုင်သည်။)

၁၃. ပန်းကန်လုံးထဲသို့(လက်ချောင်းများ၊ဇွန်းများ၊ခက်ရင်းများအစရှိသော)မည်သည့်အရာမှမထည့်ပါနှင့်။(ထိခိုက်ဒဏ်ရာနှင့်စက်ချို့ယွင်းပျက်စီးမှုများဖြစ်စေနိုင်သည်။)

၁၄. ဤစက်ကိုရေချိုးကန်၊ရေရှိသောနေရာများ၊မီးလောင်လွယ်သော(သို့)မီးတောက်လွယ်သောနေရာများအနီးအနားတွင်အသုံးမပြုပါနှင့်။(ပေါက်ကွဲခြင်း(သို့)မီးလောင်ခြင်းကိုဖြစ်စေနိုင်သည်။)

၁၅. အဖုံး(သို့)အရည်စစ်ဇကာကိုတိမ်းစောင်းနေသောအခြေအနေဖြင့်တပ်ဆင်ခြင်းမပြုလုပ်ရပါ။အမြဲသေချာစွာပိတ်ပါ။(“ကလစ်”ဟူသောအသံကိုမကြားခင်ထိလှည့်ပေးပါ)အကယ်၍အဖုံးကိုသေချာစွာမပိတ်ပါက၊ခလုတ်လည်းအလုပ်လုပ်လိမ့်မည်မဟုတ်ပါ။)

၁၆. ဤစက်အားအသုံးမပြုမီစက်၏အညွှန်းစာတွင်ဖော်ပြထားသောဗို့အားနှင့်ကြိမ်နှုန်းသည်သင်၏အိမ်ရှိလျှပ်စစ်အထောက်အပံ့နှင့်တူညီမှုရှိပါစေ။

၁၇. ပန်နာဆိုးနှစ်မှုမူလအစိတ်အပိုင်းများမှတစ်ပါးအခြားသောမည်သည့်အပိုပစ္စည်းကိုမှအစားထိုးခြင်းမပြုလုပ်ပါနှင့်။

၁၈. စက်ကိုသင်ကိုယ်တိုင်ဖြုတ်ခြင်း၊ပြုပြင်ခြင်း(သို့)ပြန်လည်တည်ဆောက်ခြင်းတို့မပြုလုပ်ပါနှင့်။ကျေးဇူးပြု၍တရားဝင်အရောင်းကိုယ်လှယ်(သို့)ကျွမ်းကျင်သူများထံဆက်သွယ်ပါ။

၁၉. အကယ်၍ပူးတွဲပါရှိသောကြိုးပျက်စီးခဲ့ပါကအန္တရာယ်မဖြစ်စေရန်၎င်းပစ္စည်းကိုထုတ်လုပ်သူ၊ဝန်ဆောင်မှုကိုယ်စားလှယ်(သို့)အလားတူအရည်အချင်းရှိသောပုဂ္ဂိုလ်များမှအစားထိုးပြင်ဆင်ပေးရမည်။

# ဘေးကင်းလုံခြုံမှုအတွက်ကြိုတင်သတိပေးချက်များ

ဤသတိပေးချက်များအတိုင်းလိုက်နာပါ။

၂၀။ ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက် ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။

၂၁။ အသုံးပြုသောတွဲလျက်ပါသည့်အစိတ်အပိုင်းများ(သို့)ဆက်စပ်ပစ္စည်းများအစားထိုးမလဲမီစက်ကိုပိတ်ပြီးလျှပ်စစ်မီးအထောက်အပံ့ပေးသောနေရာမှပလပ်ကိုဖြုတ်ပါ။

၂၂။ သန့်ရှင်းရေးပြုလုပ်နေစဉ်ပန်းကန်လုံးထဲတွင်မည်သည့်အရာမှမရှိသည့်အချိန်အသွားထက်သောဓားသွားများအားကိုင်တွယ်နေစဉ်အတွင်းဂရုစိုက်ပါ။

၂၃။ အကယ်၍ပူသောအရည်ကိုငှင်းစက်၏ပန်းကန်ထဲသို့လောင်းထည့်လျှင်ရုတ်တရက်အပူငွေ့ထွက်ခြင်းကြောင့်ငှင်း၏အဖုံးသည်အပြင်သို့ကန်ထွက်လာနိုင်သည်။

၂၄။ ဤထုတ်ကုန်သည်အိမ်တွင်အသုံးပြုရန်အတွက်သာလျှင်ရည်ရွယ်ပါသည်။

၂၅။ ငှင်းစက်ကိုအသုံးပြုပြီးနောက်တွင်အစားအစာနှင့်ထိတွေ့ထားသောမျက်နှာပြင်များကိုသေချာစွာသန့်စင်ပေးပါ။

# အစိတ်အပိုင်းများ၏သတ်မှတ်ချက်




## ဓားသွား









# ပါဝင်ပစ္စည်းများအတွက်ကြိုတင်ပြင်ဆင်မှုများ



လှီးခြင်း၊ခြစ်ခြင်း၊အာလူးချောင်းကြော်ရရန် လှီးသည့်ဓား

သစ်သီးများနှင့်အခြားသောအစားအစာများအရွက်များကိုနုပ်နုပ်စဉ်းခြင်းနှင့်ပါးပါးလှီးခြင်းပြုလုပ်ရာတွင်ပါးပါးလှီးသောဓားသွားနှင့်နုပ်နုပ်စဉ်းသောဓားသွားကိုအသုံးပြုရသည်။ "PULSE" ခလုတ်ကိုအသုံးပြုပါ။ခလုတ်ကိုဖွင့်ပါ။အတန်အသင့်အားဖြင့်အစားအစာများကိုတစ်ချိန်တည်းတွင်ဖိချပါ။နုပ်နုပ်စဉ်းသောဓားသွားကိုအသုံးပြုသည့်အခါအစားအစာများကိုအလျားလိုက်ထည့်ပါ။အာလူးချောင်းပြုလုပ်သည့်ဓားသွားသည်အာလူးများကိုသေးငယ်ပြီးရှည်လားသောပုံစံလေးများဖြစ်အောင်ပြုလုပ်ပေးသည်။ဓားသွားထောက်တိုင်ကိုအမြဲတမ်းအသုံးပြုပါ။

## ပါးပါးလှီးခြင်း

သခွားသီး ကြက်သွန်နီ ၄၀၀ဂရမ် (အများဆုံး) သင့်တော်သောအရွယ်အစားပုံစံရသည်အထိလှီးဖြတ်ပါ။



---

မုန်လာဥနီ ၄၀၀ဂရမ် (အများဆုံး) အလိုရှိသောအရှည်အလျားရသည်အထိလှီးဖြတ်ပါ။



## နုပ်နုပ်စဉ်းခြင်း

ဂေါ်ဖီထုပ် ၃၀၀ဂရမ် (အများဆုံး) သင့်တော်သောအရွယ်အစားရရှိသည်အထိလှီးဖြတ်ပါ။



---

ဒိန်ခဲ ၄၀၀ဂရမ် (အများဆုံး) ပါမီစန် (အီတလီ ဒိန်ခဲ)ကဲ့သို့သောမာကျောသောဒိန်ခဲများကိုနုပ်နုပ်စဉ်းရန်နုပ်နုပ်စဉ်းသောဓားသွားကိုအသုံးမပြုပါနှင့်။

## အာလူးချောင်းပြုလုပ်ခြင်း



အာလူး ၄၀၀ဂရမ် (အများဆုံး) အခွံနွာ၍သင့်တော်သောအရွယ်အစားရသည်အထိပါးပါးလှီးပါ။



---

ဂေါ်ဖီထုပ် ၃၀၀ဂရမ် (အများဆုံး) လှီးဖြတ်ရာတွင်ညက်သွားစေရန်အတွက်စက်ထဲရှိအူတိုင်ကိုဖယ်ရှားပြီးမှအစားအစာများကိုပြန်ထဲသို့ထည့်ပါ။






ဓားသွားကိုခုတ်ဖြတ်ရန် ရောစပ်ရန်နှင့် ရောနှောရန်အတွက် အသုံးပြုသည်။ ပါဝင်ပစ္စည်းများ မထည့်မီဓားသွားကို အမြဲကြိုတင်တပ်ဆင်ရမည်။

## နုပ်နုပ်စဉ်းခြင်း

အသား ၄၀၀ ဂရမ် ၁၅–၂၀ စက္ကန့် ၁လက်မတုံးအရွယ်လှီးဖြတ်ပေးရမည်။



---

ငါး ၄၀၀ ဂရမ် ၄၅–၆၀ စက္ကန့် အရေခွံနှင့်အရိုးဖယ်ပြီး ၁လက်မတုံးအရွယ် လှီးဖြတ်ပေးရမည်။





## လှီးဖြတ်ခြင်း

ပေါင်မုန့် ၄၀၀ ဂရမ် (အများဆုံး) ၃၀ စက္ကန့် နူးညံ့သော ပေါင်မုန့်ကို ၆ (သို့) ၈ ပိုင်းဖြတ်ပေးသည်။



## ခုတ်ထစ်ခြင်း

ကြက်သွန်နီ ၄၀၀ ဂရမ် (အများဆုံး) ခေတ္တနားသည့်အလုတ်ကိုအကြိမ်ကြိမ်သုံးပါ။ ၁လက်မတုံးအရွယ်လှီးဖြတ်ပေးသည်။



## ကြိတ်ခြင်း

မြေပဲ ၄၀၀ ဂရမ် (အများဆုံး) ၇ မိနစ် အခွံချွတ်ပေးသည်။



## ဆုပ်နယ်ခြင်း

ဂျုံ ၂၀၀ ဂရမ် (အများဆုံး) မုန့်လုပ်ရန်ဂျုံလုံးအနေအထားရောက်သည့်အထိလုပ်ဆောင်ပေးသည်။

## အရည်ကျိတ်ခြင်း

သစ်သီး၊ ဟင်းသီးဟင်းရွက်ပြုတ်များ ၈၀၀ မီလီလီတာ(အများဆုံး) ၁.၅–၃ မိနစ် နို့နှင့်အတူ အသုံးပြုမည်ဆိုပါက ရှေးဦးစွာ ပထမအစိုင်အခဲပါဝင်ပစ္စည်းများကို ကျိတ်ပြီးမှ နို့ထည့်ပါ။

## ထုခြေခြင်း

ဒိန်ခဲ ၂၀၀ ဂရမ်အများဆုံး ၅.၁၀ စက္ကန့် ၁လက်မတုံးအရွယ်လှီးဖြတ်ပေးသည်။ ခွက်ထဲသို့ပါဝင်ပစ္စည်းများ မထည့်မှီ ခလုတ်ဖွင့်ပါ။ ထို့နောက်ပါဝင်ပစ္စည်းများကို အစားအသောက်ပြွန်မှ တစ်ခုပြီးတစ်ခု ထည့်ပါ။ လုပ်ငန်းလုပ်ဆောင်နေစဉ် အဖုံးအားလက်ဖြင့်ကိုင်ထားပေးပါ။

---

ရေခဲတုံး (၁လက်မအတုံး) ၁၁တုံး (အများဆုံး) ခွက်ထဲသို့ရေခဲတုံးများကို အရင်မထည့်ပါနှင့်။ ခွက်ထဲသို့ပါဝင်ပစ္စည်းများ မထည့်ခင် ခလုတ်ကို အရင်ဖွင့်ပါ။ ထို့နောက်ပါဝင်ပစ္စည်းကို အစားအစာ ပြွန်မှတစ်ခုပြီးတစ်ခုထည့်ပါ။လုပ်ငန်းလုပ်ဆောင်နေစဉ် အဖုံးအားလက်ဖြင့်ကိုင်ထားပါ။



အမြှုပ်ပွအောင်ပြုလုပ်သောဓား

အမြှုပ်ဖြစ်အောင်ခလောက်သောဓားကိုခရမ်မ်ပြုလုပ်ရန်၊ ကြက်ဥအကာခေါက်ရန်(သို့) သကြားအေးခဲရန်အသုံးပြုသည်။ ချော်မွတ်သည့်အထိပြုလုပ်သည်။ လုပ်ဆောင်နေစဉ်အတွင်းခေတ္တရပ်၍ကြည့်သင့်သည်။ လိုသည်ထက်ပိုမလုပ်မိစေရန်။ မြင့်မားသောနို့အဆီပါဝင်သည့် လက်ဆက်သောခရင်မ်ကို အသုံးပြုပါ။ နို့အဆီပါဝင်မှုနည်းမည်ဆိုလျှင်အပူချိန် ၅ဒီဂရီစင်တီဂရိတ် ထိအအေးခံလိုက်ပါက အဆင်ပြေမည်မဟုတ်ပေ။

## အမြှုပ်ပွအောင်ပြုလုပ်ခြင်း

ကြက်ဥအကာ ၆ လုံး (အများဆုံး) ၂လုံး (အနည်းဆုံး) ၂၅.၆၀ စက္ကန့်



---

ခရင်မ် ၄၀၀ မီလီလီတာ ၁၀၀ မီလီလီတာ ၂၀.၄၀ စက္ကန့်



# အသုံးပြုနည်းလမ်းညွှန်



## အလွှာလိုက်ဖြတ်သောဓား၊ နုပ်နုပ်စဉ်းသောဓားများကို အသုံးပြုခြင်း



၁ ဓားသွားထည့်သည့်နေရာတွင် ဓားသွားကို သေချာအံဝင်ခွင်ကျ တပ်ဆင်ပါ။




၂ ဓားတွင်ရေးထားသော ‘‘တွန်းပါ’’ ဆိုသောနေရာကို ဖိချပါ။
ဓားသွားကို ဖြုတ်ရာတွင်လည်း ဓားသွားထည့်သည့်နေရာမှ ဓားသွားကို ပြသထားသကဲ့သို့ ပြောင်းပြန် ပြန်လည်လုပ်ဆောင်ပါ။




၃ ဓားသွားတပ်ထားသောဓားအိမ်အား ရိုးတံပေါ်တွင် တပ်ဆင်ပါ။



၄ အဖုံးပေါ်ရှိ ▲ အမှတ်အသားကို လက်ကိုင်ပေါ်ရှိ ▼ အမှတ်အသားနှင့်ကိုက်ညီပါ။ထို့နောက် ‘‘ကလစ်’’ ဟူသောအသံကြားရသည်အထိ အဖုံးအားနာရီလက်တံ ယာရစ်အတိုင်း စောင်းမနေ၊ ရွဲ့မနေအောင်လှည့်ပါ။





၅

ပလပ်ကိုပလပ်ပေါက်တွင် တပ်ဆင်ပါ။ ထို့နောက်အစားအစာ ပြွန်မှ တစ်ဆင့်ပါဝင် ပစ္စည်းများထည့်ပါ။( ပါဝင်ပစ္စည်းများပါဝင်ခြင်းကို စာရင်းတွင်ကြည့်ပါ။)



၆

“**Pulse**” ဆိုသည့်ခလုတ်အား နှိပ်ပြီးခလုတ်ဖွင့်ပါ။ ခလုတ်ဖွင့်သည် နှင့် တစ်ပြိုင်နက်အစားအစာတွန်းတံကို ပါ ဖိပါ။



၇

လုပ်ဆောင်မှု ပြီးသွားလျှင် ခလုတ်ပိတ်ပြီးပလပ်ဖြုတ်ပါ။အဖုံးကိုဖွင့်ပြီးနောက် ဓား သွားနှင့် ဓားသွားအံကိုပါဖယ်ရှားပါ။

## မှတ်ချက်များ

- ပါဝင်ပစ္စည်းများပါက ပါးလွှာနေပါက အစာပြွန်၏ညာဘက်တွင် တွင်ထားပါ။
- နပ်နပ်စဉ်းသည့်အခါ ၂ ၃/၄ လက်မ( ၇ စင်တီမီတာ ) ရှိသောအစားအစာများကို အလျားလိုက် အစာပြွန်ထဲသို့ထည့်ပါ။

## ဓားသွားကို အသုံးပြုခြင်း




၁

ခွက်ပေါ်ရှိ ▼ အမှတ်အသားကို မော်တာအိမ်ပေါ်ရှိ ထိန်းသိမ်းထားသော ပစ္စည်းနှင့် ကိုက်ညီအောင်ထားပါ။ ထို့နောက်ခွက်ကို နာရီလက်တံ အတိုင်းလက်ယာရစ်လှည့်ပါ။



၂

ဓားသွားကို အံကျအောင်ထည့်ပါ။ ထို့နောက်ပါဝင်ပစ္စည်းများကို ခွက်ထဲသို့ထည့်ပါ။ ( ပါဝင်ပစ္စည်းများကိုစာမျက်နှာ ၈၊ စာမျက်နှာ ၉ တွင် ကြည့်ရန်။



၃

အဖုံးပေါ်ရှိ ▼ အမှတ်အသားကို လက်ကိုင်ပေါ်ရှိ ▲ အမှတ်အသားနှင့် ကိုက်ညီပါ။ ထို့နောက် "ကလစ်" ဟူသောအသံကြားရသည်အထိ အဖုံးအားနာရီလက်တံ လက်ယာရစ်အတိုင်း စောင်းမနေ၊ ရွဲ့မနေအောင်လှည့်ပါ။



၄

ပလပ်ပေါက်တွင် ပလပ်တပ်ပါ။ ထို့နောက်ခလုတ်ဖွင့်ပါ။



၇

လုပ်ဆောင်မှုပြီးသွားလျှင် ခလုတ်ပိတ်ပြီး ပလပ်ဖြုတ်ပါ။
အဖုံးကို ဖွင့်ပြီးနောက် ဓားသွားကို ဖယ်ပါ။



၈

ခွက်ကိုဖယ်ပြီးနောက် ပါဝင်ပစ္စည်းများကို ထုတ်ပါ။

## မှတ်ချက်များ

- အစားအစာများကို သေးငယ်အောင်လှီးဖြတ်ပါ။
- အပူချိန် (၆၀ ဒီဂရီစင်တီဂရိတ်ထက်ပိုသော) ပါဝင်ပစ္စည်းများ မထည့်ပါနှင့်။
- အကယ်၍ အဖုံးပိတ်ရာတွင် " ကလစ် " ဟု မကြားရဘဲ အဖုံးကို သေချာပိတ်ထားခြင်းမရှိပါက ခလုတ်ကို နှိပ်၍ ရမည်မဟုတ်ပါ။
- အဖုံးမဖွင့်ခင် ဓားသွားရပ်မရပ်သေချာ ဂရုပြုပါ။
- အကယ်၍ လှီးဖြတ်နေစဉ် ပါဝင်ပစ္စည်းတစ်ခုခု ဓားသွားတွင် ပိတ်ဆို့လျှင် ခလုတ်ကို ပိတ်လိုက်ပါ။ ထို့နောက် ပလပ်ကြိုးကို ဖြုတ်ပါ။ ထို့နောက်တွင် ပိတ်ဆို့နေသော ပါဝင်ပစ္စည်းများကို ဖယ်ရှားပါ။ ပိတ်ဆို့နေသောအရာများအား ဖယ်ရှားပြီးနောက် ဆက်လက်၍ လှီးဖြတ်ပါ။
- တစ်ခါတစ်ရံ မော်တာအိမ်က တုန်ခါနေနိုင်ပါသည်။ လုပ်ဆောင်နေစဉ်အတွင်း မော်တာအိမ်ကို လက်နှင့် ကိုင်ထားပါ။
- စက်ပစ္စည်းကို စိုစွတ်သောနေရာတွင် မထားပါနှင့်။

# အသုံးပြုနည်းလမ်းညွှန်

## အမြုပ်ပွအောင်ပြုလုပ်သောစားကိုအသုံးပြုခြင်း





၁

ခွက်ကိုတပ်ပါ။ အမြှုပ်ပွပြုလုပ်သောစားကိုတပ်ဆင်ပါ။



၂

ဒိန်ခဲ(သို့) ကြက်ဥအကာကိုခွက်ထဲသို့ထည့်ပါ။ ( ပါဝင်ပစ္စည်းများပြင်ဆင်ခြင်းကိုစာမျက်နှာ–၉တွင်ကြည့်ပါ။



၃

ပလပ်ထည့် / အဖုံးပိတ်ပြီး ခလုတ်ဖွင့်ပါ။ ပါဝင်ပစ္စည်းများကို လိုအပ်တဲ့ အနေအထားထိ အမြှုပ်ပြုလုပ်ပါ။



၄

လုပ်ဆောင်မှုပြီးဆုံးသွားသောအခါ ခလုတ်ပိတ်ပြီး ပလပ်ဖြုတ်ပါ။ အဖုံးကို ဖယ်ပြီးနောက် အမြှုပ်ပွ ပြုလုပ်သည့်စားကို ဖယ်ပါ။

## ဖျော်ရည်ကျိတ်စက်၏ပူးတွဲပစ္စည်းများအားအသုံးပြုခြင်း( MK-5086 တစ်ခုသာ )



၁ ဖျော်ရည်ဗူးပေါ်ရှိ▼အမှတ်အသားကိုလက်ကိုင်ပေါ်ရှိ▼အမှတ်အသားနှင့်ညီအောင်ထားပါ။ထို့နောက် အဖုံးကို “ကလစ်” ဟုအသံကြားရသည်အထိလက်တံအတိုင်းလက်ယာရစ်လှည့်ပါ။



၂ ကန်တော့ချွန်ကိုစုံလည်ပေါ်သို့အံဝင်အောင်တပ်ဆင်ပါ။အသီးများကိုနှစ်ပိုင်းစီလှီးဖြတ်ပါ။





၃ ပလပ်ထိုးပြီးနောက်ခလုတ်ဖွင့်ပါ။ အသီးကိုကန်တော့ပုံရှိခွက်၏ထိပ်ပေါ်တွင်ထား၍ဖျော်ရည်အတွက် ခိုင်မြဲစွာဖိပါ။

**မှတ်ချက်**

- သင့်လက်ဖြင့်လည်နေသောကန်တော့ပုံခွက်ကိုတိုက်ရိုက်မထိပါနှင့်။



၄ ညှစ်၍ပြီးစီးသောအခါခလုတ်ပိတ်ပြီးပလပ်ဖြုတ်ပါ။ ဖျော်ရည်ဗူးကိုကန်တော့ချွန်နှင့်တူတူဖြုတ်ပါ။

# ဖြုတ်နည်းလမ်းညွှန်



၁

ဖယ်ရှားရန်အတွက် အဖုံးကိုဖွင့်ပါ။



၂

ခွက်ကိုဖယ်ရှားရန်ဓားသွားကို မထုတ်ပါနှင့်။



၃

ခွက်ကိုနာရီလက်တံအတိုင်းလှည့်ထုတ်လိုက်ပါ။




တပ်ဆင်ရန်အတွက် အထက်တွင်ဖော်ပြခဲ့သော ဖြုတ်နည်းအတိုင်း ( ၃ → ၂ → ၁ ) အတိုင်း ပြောင်းပြန်အစဉ်လိုက် ပြုလုပ်ပါ။

(ဘယ်ဘက်ဘေးမှ ပြထားတဲ့ပုံအတိုင်း ) ခွက် ( သို့ ) အဖုံးအား "ကလစ်" ဟု အသံကြားရသည် အထိ သေချာစွာ ပိတ်ပါ။

# အသုံးပြုပြီးနောက်

**သန့်ရှင်းရေးမလုပ်မီ ပလပ်ကြိုးကို ဖြုတ်ထားပါ။ အသုံးပြုပြီးသည့်အခါတိုင်းစက်ကို သန့်ရှင်းရေးပြုလုပ်ရန်လိုအပ်ပါသည်။ လိုအပ်လျှင် သာမာန်မီးဖိုချောင်သုံးဆပ်ပြာကို အသုံးပြုနိုင်ပါသည်။ အစိတ်အပိုင်းအားလုံးကို ဆေးကြောရန် မလိုအပ်ပါ။**

## ပန်ကန်လုံးနှင့်အဖုံး



ပန်ကန်လုံးနှင့် အဖုံးကို ဆေးပါ။ ပြီးနောက်ခြောက်သွေ့အောင်သုတ်ပါ။

- နိုင်လွန်ဘရက်ရှ်(သို့) အရောင်တင်မှုန့်မသုံးပါနှင့်။

## ဖြတ်တံ



ဓားသွားအားဘုံဘိုင်ခေါင်းမှ ရေဖြင့် သေချာဆေးပါ။ ပြီးနောက် သန့်စင်အောင် ဘရက်ရှ်ဖြင့်တိုက်ပါ။




- ဓားသွားကို ဂရုတစိုက်ကိုင်တွယ်သင့်သည်။
- မာကျောသောအရာများကို ဓားသွားဖြင့်မထိပါစေနှင့်။

## မော်တာအိမ်



စိုစွတ်သောအဝတ်ဖြင့်ပိတ်ထားသော မော်တာအိမ်အား သေချာစွာသုတ်ပါ။

- မော်တာအိမ်ကိုရေဖြင့်မဆေးပါနှင့်။
- တင်နာ၊ ရေနံဆီ၊ သတ္တု၊ ဘရက်ရှ်(သို့) အရောင်တင်မှုန့်များမသုံးပါနှင့်။

# မိုက်ကရိုဝေ့ဖ်ခလုတ်အကာအကွယ်



ဤယူနစ်ကိုမိုက်ခရိုဝေ့ဖ်ခလုတ်ကာကွယ်မှုတွင်တပ်ဆင်ထားသည့်ဖူး (သို့)အဖုံးတစ်ခုခုကိုသေချာစွာတပ်ဆင်ထားခြင်းမရှိလျှင် ဤအပိုင်းသည် အလုပ်လုပ်မည် မဟုတ်ပေ။
စက်ပစ္စည်းအားအသုံးမပြုမီ ဖူး(သို့) အဖုံးအားကျေးဇူးပြု၍ သေချာစွာ တပ်ဆင်ထားပါ။

# ဆားကစ်ဘရိတ်ကာကာကွယ်မှု

## ဤယူနစ်ကို ဆားကေ့စ်ဘရိတ်ကာကာကွယ်မှု တွင်တပ်ဆင်ထားပါသည်။

၁



ဆားကစ်ဘရိတ်ကာသည် ဝန်ထုတ်ဝန်ပိုးသုံးစွဲမှုကြောင့် မော်တာကို အလိုအလျောက် ရပ်တန့်သွားသောအခါ ပြန်ဖွင့်ရန်အတွက် ခလုတ်ကို ခဏပိတ်ထားပါ။

၂



ပါဝင်ပစ္စည်းများကို တစ်ဝက်လောက်လျော့ချပါ။

၃



လုပ်ငန်းကိုပြန်လည်စတင်ပါ။ အကယ်၍ ဆားကစ်ဘရိတ်ကာက ထပ်မံရပ်တန့်လိုက်ပါက အဆင့် ၁ မှ ၃ အထိ ပြန်လည်လုပ်ဆောင်ပါ။

# အသေးစိတ်အချက်အလက်များ

| | |
|---|---|
| ထောက်ပံ့သောဗို့အား | ၂၂၀–၂၄၀ဗို့ ~ ၅၀ဟတ်စ်/၆၀ဟတ်စ် |
| လျှပ်စစ်သုံးစွဲမှုနှုန်း | ၂၁၀ – ၂၃၀ဝပ် |
| လုပ်ဆောင်မှုအချိန် | စဉ်ဆက်မပြတ် ( ၂မိနစ်ဖွင့်၊၄မိနစ်ပိတ်၊ထပ်ခါတစ်လဲလဲပြုလုပ်ပါ) |
| မော်တာမြန်နှုန်း | ၂၂၀၀၀အာပီအန်မ် |
| ခလုတ် | ပိတ်(ပြန်ဖွင့်)/ဖွင့်/ခေတ္တရပ်တန့် |
| ဝင်ဆံ့သောပမာဏ | ၄၀၀ဂရမ်(အစိုင်အခဲ)၈၀၀မီလီလီတာ(အရည်) |
| အတိုင်းအတာ (အမြင့် × အလျား × အနံ) | ခန့်မှန်းခြေ၊၃၄၀မီလီမီတာ × ၂၀၃မီလီမီတာ × ၃၂၄မီလီမီတာ |
| အလေးချိန် | ခန့်မှန်းခြေ၊၃.၄ကီလိုဂရမ် |
| ပါဝင်ပစ္စည်းများ | ပါးပါးလှီးသောဓား/ နုပ်နုပ်စဉ်းသောဓား/ ပြင်သစ်အကြော်ဓား/ ဓားသွား/<br>အမြုပ်ခလောက်သောဓား/ ပူးတွဲပါဖျော်ရည်စက်( MK-5086M တစ်ခုသာ) |

Panasonic Manufacturing Malaysia Berhad.

No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam,Selangor Darul Ehsan, Malaysia.